မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ မတ် ၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

အဖွဲ့ဝင် (၁၅)ဦးပါ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်

နေပြည်တော် မတ် ၃

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၄)ဦး ရှိသည့်အနက် (၄၃၂) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

တင်ထွေး(သတင်းစဉ်)၏ '(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်' သတင်းဆောင်းပါးကို စာမျက်နှာ (၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၄ ရက်)

ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်း၊ ဂီတပညာရပ်များ ခေတ်မီဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာ၌ စီးပွားရေးအပါအဝင် ရုပ်ပိုင်းဘဝတိုးတက်ရေးသာမက အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးနှင့် လူမှုစီးပွားဘဝတိုးမြှင့်ရေးအတွက်လည်း ဟန်ချက်ညီညီဖြစ်ထွန်းရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည် မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စောင့်ရှောက်မြှင့်တင်ပေးနေခြင်း၏ အဓိကကျသည့် စွမ်းအားတစ်ရပ်သည် အမျိုးသားယဉ်ကျေးမှုစွမ်းအားပင်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်၌ လူမျိုးအသီးသီးသည် ကိုယ်ပိုင်ဂီတရှိကြသည်။ လူမျိုးတစ်မျိုး၏ ဂီတကိုလေ့လာကြည့်လျှင် ထိုလူမျိုး၏ယဉ်ကျေးမှု အဆင့်အတန်းကို မှန်းဆနိုင်သည်။ မြန်မာ့ဂီတသည် ခြေခြေမြစ်မြစ်ဖြင့် စနစ်တကျတိုးတက်လာသော ပညာရပ်ဖြစ်သည်။

မြန်မာနိုင်ငံဂီတလောကသားများသည် ဂီတဆိုင်ရာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ကျွမ်းကျင်လာစေရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဂီတပညာများကို တီထွင်ဆန်းသစ်ရာတွင် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို မထိခိုက်စေဘဲ ပိုမိုဆန်းသစ်ဖွံ့ဖြိုးရန် သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ ဂီတလောကနှင့် ဂီတလောကသားများအကျိုးကို ထမ်းဆောင်ကြရာတွင် အခြေခံအလွှာအသီးသီးက စည်းရုံးညီညွတ်စွာဖြင့် ရည်မှန်းချက်အောင်မြင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရန် အနုပညာစွမ်းအားဖြင့် စောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာမှုဓလေ့စရိုက် အစဉ်အလာများ၊ မြန်မာ့ရိုးရာ တွေးခေါ်မြော်မြင်မှု သဘောတရားများ၊ မြန်မာ့ကျင့်ဝတ်နီတိ အသိအလိမ္မာတရားများ မြန်မာ့လူ့ဘောင်၌ အစဉ်နိုးကြား ရှင်သန်နေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ဂီတပညာရှင်များသည် စာပေဗဟုသုတနှံ့စပ်ပြည့်စုံမှု၊ အသုံးအနှုန်းပရိယာယ်ကြွယ်ဝကျစ်လျစ်မှု၊ ဂီတသဘောတရားကျွမ်းကျင်ပိုင်နိုင်မှု၊ လင်္ကာရသမြောက် တန်ဆာဆင်ဖွဲ့ဆိုနိုင်မှု အရည်အသွေးများ သာမက မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် စေတနာထားကြရမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုကို တစ်ဖက်က ထိန်းသိမ်းပြီး ခေတ်ကာလနှင့်အညီ ဂီတပညာရပ်များ ခေတ်မီသစ်လွင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံပုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် မတ် ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော နွေရာသီ ကျောင်းပိတ်ရက် အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက် အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မင်္ဂလာဒုံတပ်နယ် နယ်မြေခံတပ်၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ တပ်တွင်းစာကြည့်တိုက်နှင့် တပ်တွင်းဆံသဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ်၌ နိုင်ငံသားကောင်းစာကြည့်တိုက်ဖွင့်

ကော့မှူး မတ် ၃

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မတည်ရင်းနှီးငွေနှင့် ကျေးရွာစေတနာရှင်အလှူရှင်များ၏ထည့်ဝင်ငွေဖြင့် ပူးပေါင်းတည်ဆောက်ခဲ့သည့် ခရိုက္ခနီကျေးရွာ နိုင်ငံသားကောင်း စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်စန္ဒာမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်၊ အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက အလှူငွေကျပ်တစ်သောင်းနှင့် စာအုပ်စာစောင် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ ကျိုက်ထော်မြောက်ကျေးရွာ အမေ့ရွာပျိုးခင်းစာကြည့်တိုက်တို့က စာအုပ်စာစောင်များနှင့် ကျေးရွာအလှူရှင်များက ထိုင်ခုံ ၁၅ လုံး၊ နာရီတစ်လုံး၊ ရေဒီယိုတစ်လုံး စုစုပေါင်းငွေကျပ် ၄၃၅၀၀၀ တန်ဖိုးကို လှူဒါန်းခဲ့ကြသည်။ စာကြည့်တိုက်ဆောက်လုပ်ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၀ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ တွံတေးမြို့နယ်၌ ကွင်းဆင်းဆေးကုသ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ ဦးဆောင်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီးများ၊ တိုင်းဒေသကြီး ဒုတိယ ကျန်းမာရေးဦးစီးဌာနမှူးနှင့်တိုင်းဒေသကြီးအထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် တိုင်းရင်းဆေး ရန်ကုန်တို့မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီက တွံတေး မြို့နယ် ကျွန်းဘက်ကရင်ချောင်း ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး အခမဲ့ဆေးကုသပေးသည့်အပြင်ဆေးကုသမှုခံယူသည့် လူနာများအား ဆေးဝါးနှင့်အစားအသောက်ပစ္စည်းများ ထောက်ပံ့ပေးကြသည်။

ဆေးကုသခဲ့

အဆိုပါ စောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်ဆွေ၊ တောင်ပိုင်းခရိုင် စီမံကိန်း ဦးစီးမှူး ဦးစိန်ထွန်း၊ တွံတေးမြို့နယ် ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ် စီမံကိန်းဦးစီးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဦးကြူခိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသာဝတို့က ကွင်းဆင်း ဆေးကုသမှု လုပ်ငန်းများတွင် ပေါင်းစပ်ပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အထွေထွေရောဂါ ၃၇၄ ဦး၊ ခွဲစိတ်လူနာ ၂၉ ဦး၊ သားဖွားမီးယပ်လူနာ ၇၄ ဦး၊ ကလေးလူနာ ၁၁၉ ဦး၊ နှလုံးလူနာ ၆၅ ဦး၊ ဓာတ်ခွဲစမ်းသပ် ၂၄ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၀၁ ဦးနှင့် တိုင်းရင်းဆေးလူနာ ၁၃၀ စုစုပေါင်း လူနာ ၉၁၆ ဦးအား ဆေးကုသခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုင်းရယ်မြို့နယ် ဇီဇဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးလှထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းထွန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



အလိမ္မာ စာမျာရှိ

မြောက်ဥက္ကလာ အမက(၈) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး အမက (၈) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ငမိုးရိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများပါဝင်လှူဒါန်းလိုပါက အမက (၈) ဖုန်း-၀၉-၇၃၀-၁၀၅၁၅၊ ဦးကြည်ဦးသိန်း (ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၁၀၆၄၂၆၊ ဒေါ်သိန်းသိန်းရီ (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀-၄၆၄၄၃၊ ဦးထွန်းထွန်းဦး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀၉၈၉၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ ရေတမာလမ်း အမှတ်(ဃ/၆၇)နေ ကိုမောင်မောင်လွင် (ကြက်သွန်ဖြူပွဲရုံ) မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

* ***ရှေ့မှ***

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၁ နှင့် ၂၂၊ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်း ကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေကို လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါကြောင်း။

ပြန်လည်သုံးသပ်

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၉ အရ ပြည်သူ့ငွေစာရင်း ကော်မတီ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုမူ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ကြောင်း။

ယနေ့ ပြည်သူ့ငွေစာရင်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးပြီး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် အခွင့်အရေးများကို သတ်မှတ်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်က သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုစိစစ်ရာတွင် ပြည်ထောင်စု လွှတ်တော်ကခွင့်ပြုသော ငွေကို သတ်မှတ်ထားသည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်းရှိ မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီသုံးစွဲခြင်းရှိ မရှိနှင့် ခွင့်ပြုသည့်ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ မရှိတို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော ငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှု မရှိခြင်း၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း စိစစ်ရမည်။

(၂) ကော်မတီက စိစစ်ပေးရန်လိုအပ်သောကိစ္စများနှင့် စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် တင်ပြရမည်။

(ခ) ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ပြန်လည် တင်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု ပြည်သူ့လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၃) သာမန်အားဖြင့် အထက်အပိုဒ် (၁) နှင့် အပိုဒ် (၂)တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

စာမျက်နှာ ၄ ကော်လံ ၁သို့

ရှင်းလင်းပြောကြား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

(၆၆) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့ နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

စာမျက်နှာ ၃ မှ

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၄) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ ဖြစ်သည်။

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၅၀ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌများအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(၄) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန် ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ-

(၁)	ဦးစိုင်းသီဟကျော်	မိုင်းရယ်မဲဆန္ဒနယ်
(၂)	ဦးမန်းမောင်မောင်ဉာဏ်	ပန်းတနော်မဲဆန္ဒနယ်
(၃)	ဒေါ်တင်နွယ်ဦး	မြောက်ဒဂုံမဲဆန္ဒနယ်
(၄)	ဦးခွန်မောင်သောင်း	ပင်လောင်းမဲဆန္ဒနယ်
(၅)	ဦးခွန်လိန်း	ဖလမ်းမဲဆန္ဒနယ်
(၆)	ဦးသူရိန်ဇော်	ကော့ကရိတ်မဲဆန္ဒနယ်
(၇)	ဦးမောင်တိုး	မင်းလှမဲဆန္ဒနယ်
(၈)	ဦးစိုးမြင့်	ညောင်လေးပင်မဲဆန္ဒနယ်
(၉)	ဦးကြည်သာ	ငွမဲဆန္ဒနယ်
(၁၀)	ဦးအောင်မြသန်း	ညောင်တုန်းမဲဆန္ဒနယ်
(၁၁)	ဦးဟောက်ခန့်မန်	တွန်းဇံမဲဆန္ဒနယ်
(၁၂)	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်းမဲဆန္ဒနယ်
(၁၃)	ဒေါက်တာဝင်းမြင့်	လှိုင်မဲဆန္ဒနယ်
(၁၄)	ဒေါ်မိယဉ်ချမ်း	ကျိုက်မရောမဲဆန္ဒနယ်
(၁၅)	ဦးမိုးဇော်ဟိန်း	ကသာမဲဆန္ဒနယ်

တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်း ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။ အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှုအနုပညာပြခန်း Housing & Building 2011 ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ရွှေပင်ငွေပင် ဦးသန်းထွန်း မြန်မာ့လက်မှုအနုပညာပြခန်းလည်း ပါဝင်ပြသသည်။ **(အပေါ်ပုံ)**

<u>ပြသထား</u>

အဆိုပါပြခန်းတွင် ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်းအဆောက်အအုံများ၊ ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့် သစ်ထွင်းခန်းဆီးလိုက်ကာနှင့်လှမျိုးစုံ ပန်းပု၊ ပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်ကြီးများ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ယခင်ပြပွဲများနှင့်မတူ ရွှေပင်ငွေပင် ဦးသန်းထွန်းကုမ္ပဏီက တီထွင်ထုတ်လုပ်ပြသရာ သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှစသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံ ပါဝင်ပြသထားသည်။ သစ်ထွင်းပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့် သစ်သားခန်းဆီးတို့ကိုလည်း အနုပညာလက်ရာပြောင်မြောက်စွာ ပြသထားသည်။

ပြပွဲကာလအတွင်း ဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု အနုပညာလက်ရာများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း ၅၃ လမ်းနှင့် ၅၄ လမ်းကြား အမှတ်(၁၆၆) ဖုန်း-၀၁-၂၉၂၁၉၂ နှင့် ၀၁-၃၉၉၈၈၄ တို့ထံသို့ မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ချောက် စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

နေပြည်တော် မတ် ၃

ချောက်စက်မှုလက်မှုသိပ္ပံကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို မတ် ၅ ရက် ညနေ ၆ နာရီတွင် နေပြည်တော် ခရိုင် ပျဉ်းမနားမြို့ရှိ ကောင်းထက်ကောင်း စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ နေပြည်တော်ရောက် ချောက်စက်မှုလက်မှုသိပ္ပံကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

◆ *ကျောဖုံးမှ*

အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းရမည်ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ကော်မတီဝင်များ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်းရှိ မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်းရှိ မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိတို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍သုံးစွဲခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိခြင်း၊

(၃) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေး ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

(၂) ကော်မတီကစိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့် စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု အမျိုးသားလွှတ်တော်ကဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ရှင်းလင်းပြောကြား

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၃) သာမန်အားဖြင့် အထက်အပိုဒ် (၁)နှင့် အပိုဒ် (၂)တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၄) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော၊ ၁၀ ရက်ထက်နောက်မကျသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(၄) ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည် ဟူ၍ ဖြစ်သည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

တင်ပြ

ထို့နောက် အစည်းအဝေးကိုပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ -

(၁)	ဦးဘရန်ရှောင်	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၂)	ဦးဆားရယ်	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၃)	ဦးစောထွန်းမြအောင်	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(၄)	ဦးဇုန်လှယ်ထန်း	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၅)	ဦးစတီဗင်သာဘိတ်	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)
(၆)	ဒေါ်ရီရီမြင့်	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၇)	ဦးခင်မောင်အေး	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၈)	ဦးသိန်းဝင်း	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)
(၉)	ဦးမိုးမြင့်	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၁၀)	ဒေါ်ချိုနွယ်ဦး	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၁၁)	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(၁၂)	ဒေါ်ခင်ဝိုင်းကြည်	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)
(၁၃)	ဦးခင်မောင်ရီ	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)
(၁၄)	ဦးခင်မောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၁၅)	ဦးရှုမောင်	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)တို့

ဖြစ်ကြပြီး ကော်မတီ ဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ထွန်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်အေးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို မတ်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ထီလာမောင် သုံးဘီးယာဉ်အသင်း မိတ္ထီလာတွင်ဖွင့်လှစ်

မိတ္ထီလာ မတ် ၃

မိတ္ထီလာမြို့ ထီလာမောင် သုံးဘီးယာဉ် လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်းရုံးရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားပြီး ထီလာမောင် သုံးဘီးယာဉ်အသင်းအဖွဲ့ဝင် ဦးခင်မောင်သန်းက ယာဉ်လိုင်းသစ်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ထီလာမောင်သုံးဘီးယာဉ်အသင်းပိုင်ရှင် ဦးမျိုးသန့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေးခဲ့

အဆိုပါ ယာဉ်လိုင်းသစ်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်နှင့် သုံးဘီးယာဉ်အသင်းအဖွဲ့ဝင် ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

တစ်ပြည်လုံး နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၄ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များ

၃-၃-၂၀၁၁

အောင်လံမြို့

၄၁ ဒီဂရီစင်တီဂရိတ်

ချောက်မြို့

၄၀ ဒီဂရီစင်တီဂရိတ်

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

နေပြည်တော် မတ် ၃

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

အတည်ပြုကြေညာ

အဆိုပါ အစည်းအဝေးများတွင် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတို့တွင် ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်အား အတည်ပြုချက်ရယူရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အသီးသီးက အတည်ပြုကြေညာသည်။

စနစ်တကျ

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းဆောင်ရွက်ရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

IT ပညာဖွံ့ဖြိုးတိုးတက်ရေး စာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတွင် IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF) က ကြီးမှူး၍ ITPEC စာမေးပွဲများမှ Fundamental IT Engineer Exam. နှင့် IT Passport Exam. များကို မေ ၁ ရက်တွင် ကျင်းပစစ်ဆေးမည်ဖြစ်သည်။ ဖော်ပြပါ စာမေးပွဲများသို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး IT စိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများ၊ IT Knowledge အခြေခံရှိသူများ၊ လက်တွေ့နယ်ပယ်တွင် IT ပညာရပ်ကို အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်နေသူများအားလုံး ဖြေဆိုနိုင်သည်။ စာမေးပွဲ ဖြေဆိုလိုသူများသည် လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၆၅၂၃၀၇ နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၅-၃-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်)
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (လောကကိုအလှဆင်သူ)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၁၀ သတင်းစာအာဘော်
၁၀း၁၅ ရင်ခုန်စီးဆင်း အနုပညာသတင်း (၃၁)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင် -ကျွမ်းကျင်ရာတစ်ခု ရည်မှန်းပြု)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာ နားဆင်စရာ **လရိပ်သခင်** တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (စိန်ဖူးတော်)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ရူပဗေဒတတ်ကျွမ်းမှု) တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ ရေဒီယိုအတိုတ်တေးအရိပ်
၁၉း၃၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (မိခင်နို့ရည်အကြောင်း သိကောင်းစရာ) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၅ ညချမ်းချိန်ခါတေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ Radio Internet
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

HOUSING & BUILDING 2011 ဖွင့်ပွဲတွင် ပြခန်းများကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အိမ်ရာနှင့်အဆောက်အအုံပြပွဲ -၂၀၁၁ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့်အဆောက်အအုံပြပွဲ-၂၀၁၁)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲတွင် Shine Construction Co., Ltd. Project Director ဦးဇော်နိုင်၊ IEMS COMPANY LIMITED မန်နေဂျင်းဒါရိုက်တာဦးသက်လွင်ရွှေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု၊ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ Hi Cool မှ လွယ်ကူစွာရွှေ့ပြောင်းနိုင်သော Office Cabin များ၊Solarise System မှSolar နှင့် ပတ်သက်သောနည်းပညာများ၊ Cotto Sanitary Ware များ၊ Home Plus မှ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ United Asia Co., Ltd. မှ Aux တံဆိပ် Aircon များ၊ Chris Ho Company မှ Gree Aircon များ၊ Myat Kan Moe/ ELBA/ Crown Electronics/ Fudak/ JBS Electronic/ Toshiba Kyaw Win တို့မှ အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timberland/ Lin Win/ Gold Coil/ Osim/ စိန်နှင့်မြ၊ Ocean Glory / ရွှေပင်ငွေပင်တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံး၊ ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှနောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ်ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ MNZ မှ နောက်ဆုံးပေါ်ငွေရေစက်များ၊ Caribbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co., Ltd./ Uniteak/Parami Trading Co., Ltd./ Maruart တို့မှ Vinyl ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K.Company မှ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ Yadanar Moe မှ Air Freshener အမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင်မီးဆိုင်းအမျိုးမျိုး၊ Chint မှ မီးသတ်ဆေးဘူးအမျိုးမျိုး၊ Classic Cable မှ ဝိုင်ယာကြိုးအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ Yangon Directory Co., Ltd. မှ ရန်ကုန်လမ်းညွှန်(၂၀၁၁) စာအုပ်များကို လုပ်ငန်းလိပ်စာကတ်ရှိသူ မည်သူမဆို အခမဲ့ထုတ်ယူ ဖြန့်ဝေခြင်း၊ ငွေကြယ်စင်မှ မော်တော်ယာဉ် အသစ်အဆန်း အမျိုးမျိုးအပြင် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ထိန်ပင်ကျေးရွာ၌ ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီးဌာနမှ လယ်ယာ သန်းခေါင်စာရင်း ကောက်ယူနေမှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၂ ရက်က နေပြည်တော်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးခင်စိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းတို့ ကြီးကြပ်စစ်ဆေးဆောင်ရွက်စဉ်။
(မြို့နယ်မြေစာရင်း)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာအုပ်စု သူဌေးကုန်းရွာနေ မောင်စိုးထိုက်(ခ)လာလူးသည် မတ် ၂ ရက်တွင် အဖော်ငါးဦးနှင့်အတူ ရွာမှထင်းခုတ်ရန် ထွက်လာစဉ် နံနက် ၈ နာရီခွဲခန့်တွင် ရွာနှင့် နှစ်မိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာဒူးအောက်မှပြတ် ဒဏ်ရာရရှိခဲ့ပြီး တာဝန်ရှိသူများက တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်း ... ရေးမှူး(၁) ဦးစံမျိုး (၄၈)ကြိမ်မြောက် မြန်မာ့ ... အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်း ... သည့် အခြေအနေများကို ရှင်းလင်းပြောကြ ...

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေးနှင့် မျိုးမြင့် (သတင်းစဉ်)

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျောက်မျက်ရတနာပြပွဲများကျင်းပပြီး ပြည်ပရတနာကုန်သည်များအား နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ယခင်က တစ်နှစ်လျှင် တစ်ကြိမ်သာကျင်းပခဲ့ရာမှ နောက်ပိုင်းတွင် တစ်နှစ်လျှင် နှစ်ကြိမ်တိုးမြှင့်၍ ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှစတင်၍ ဇွန်လတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ကျင်းပခဲ့ပြီးနောက် တစ်နှစ်လျှင် (၃)ကြိမ် ပုံမှန်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းပွဲအထိသာ ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလ နှစ်လယ်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပခဲ့သည်။

(၄၈)ကြိမ်မြောက်

မြန်မာ့ကျောက်မျက်ရတနာပြပွဲများအနက် မတ်လအတွင်းကျင်းပသည့်ပြပွဲများမှာ ပြည်ပရတနာကုန်သည်များ လာရောက်မှုနှင့် ကျောက်စိမ်း၊ ကျောက်မျက်ရောင်းချရမှုများပြားသော ပြပွဲဖြစ်သည်။ ယခုအခါ မတ်လအတွင်းကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ (၄၈)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ရက်မှ ၂၂ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချသွားမည် ဖြစ်သည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ရတနာပြပွဲဖြစ်ရာ ပြည်ပ ရတနာကုန်သည်များ သွားလာ၊ နေထိုင်၊ စားသောက်မှုအပိုင်းတွင် ပထမအကြိမ်ကထက် ပိုမိုအဆင်ပြေ လွယ်ကူစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီသည် ကျောက်မျက်ရတနာများ သယ်ယူခင်းကျင်းပြသရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ စီမံရေးရာဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပုလဲဆပ်ကော်မတီ၊ ကျောက်မျက်ဆပ်ကော်မတီ၊ ကျောက်စိမ်းဆပ်ကော်မတီတို့ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းကာ ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ခင်းကျင်းပြသ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီး



(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအရိုင်းတုံးများကို မဏိရတနာကျောက်စိမ်းခန်းမအနီးတွင် ခင်းကျင်းပြသထားစဉ်။

ကျောက်စိမ်းအချောများ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီးကျောက်မျက် အချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ငွေထည်ပစ္စည်းများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ယင်းသို့ ပြသရောင်းချရာတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲဥပဒေနှင့်အညီ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်နေသော ကုမ္ပဏီများ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် ရယူလုပ်ကိုင်သည့် ပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ ရတနာပစ္စည်းရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူများ၊ ကျောက်မျက်ရတနာ တင်ပို့ရောင်းချခြင်းလုပ်ငန်း (GTC) လိုင်စင်ရယူထားသော ပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများက ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအရိုင်းတုံးများကို မဏိရတနာကျောက်စိမ်းခန်းမအနီးတွင် ခင်းကျင်းပြသထားစဉ်။

တင်ဒါစနစ်

ပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို တင်ဒါစနစ် (Tender System)နှင့် ဈေးပြိုင်စနစ် (Competitive Bidding System) တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ လိုင်စင်ရရှိထားသည့် ရတနာဆိုင်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် ဆိုင်ခန်းများချထားပြီး လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ကျောက်မျက် ရုပ်တုရုပ်ထွင်းများ၊ ကျောက်မျက်ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ငွေထည်ပစ္စည်းများနှင့် ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးများကို ရောင်းချခွင့်ရရှိကြမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများ ရောက်ရှိပြီဖြစ်၍ ယခုအခါ မဏိရတနာကျောက်စိမ်းခန်းမအနီး မြေကွက်လပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)အနီး၌ ခင်းကျင်းထားပြီးဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲထက် ကျောက်စိမ်းအတွဲများ ပိုမိုရောက်ရှိနေသဖြင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်) အနီးတွင်ပါ နေရာတိုးချဲ့ခင်းကျင်းထားခြင်းဖြစ်သည်။

ဈေးပြိုင်စနစ်

ကျောက်မျက်အတွဲများ လက်ခံရရှိမှုအခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ (၁၅၆)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ (၅၀)၊ စုစုပေါင်း ကျောက်မျက်အတွဲ (၂၀၆)တွဲဖြစ်သည်။ ကျောက်မျက်အတွဲများကို မတ် ၁၃ရက် နံနက်ပိုင်းတွင် တင်ဒါစနစ်ဖြင့် ရောင်းချပြီး မွန်းလွဲပိုင်းမှစတင်၍ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများ လက်ခံရရှိမှုအခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ (၁၆၀၀၀)၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ (၅၀၀)၊



(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ရတနာရှင် ကျောက်မျက်ရတနာကုမ္ပဏီမှ မိုးကုတ်မြို့နယ် ကျောက်ပြဿဒ် ဆင်ခွာ ၁/၂ လုပ်ကွက်မှ တူးဖော်ရရှိသော ၂၃၂ ဒသမ ၆၈ ကရက်ရှိ အရည်အသွေးကောင်း နီလာပွတ်ချော (Semi Cut Sapphire)ကို တွေ့ရစဉ်။

စုစုပေါင်း ကျောက်စိမ်းအတွဲ (၁၆၅၀၀)တွဲ ဖြစ်သည်။ ကျောက်စိမ်းအတွဲများကို မတ် ၁၄ရက်မှ ၁၈ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၉ရက်မှ ၂၂ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ပုလဲအတွဲများ

ပုလဲအတွဲများ လက်ခံရရှိမှုအခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ (၂၂၅)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ (၃၀) စုစုပေါင်း ပုလဲအတွဲ (၂၅၅)တွဲဖြစ်ပြီး ပုလဲအလုံးရေ (၂၉၄၇၉)လုံးဖြစ်သည်။ ယခုပြပွဲတွင် ယခင်ပြပွဲများနှင့်မတူသည့်အချက်မှာ အရွယ်အစားကြီးမားသော ပုလဲများကို တင်ပြသွားမည်ဖြစ်ပြီး ပုလဲအားလုံးမှာ နိုင်ငံတော်ပိုင် ပုလဲများဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုး (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းမှ ပါဝင်ဆောင်ရွက်ပေးသည့် အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

(၂၀၆)တွဲဖြစ်သည်။ ကျောက်မျက်အတွဲများကို မတ် ၁၃ရက် နံနက်ပိုင်းတွင် တင်ဒါစနစ်ဖြင့် ရောင်းချပြီး မွန်းလွဲပိုင်းမှစတင်၍ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများ လက်ခံရရှိမှုအခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ (၁၆၀၀၀)၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ (၅၀၀)၊

စုစုပေါင်း ကျောက်စိမ်းအတွဲ (၁၆၅၀၀)တွဲ ဖြစ်သည်။ ကျောက်စိမ်းအတွဲများကို မတ် ၁၄ရက်မှ ၁၈ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၉ရက်မှ ၂၂ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ပုလဲအတွဲများ

ပုလဲအတွဲများ လက်ခံရရှိမှု အခြေအနေမှာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ (၂၂၅)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ (၃၀) စုစုပေါင်း ပုလဲအတွဲ (၂၅၅)တွဲဖြစ်ပြီး ပုလဲအလုံးရေ (၂၉၄၇၉)လုံးဖြစ်သည်။ ယခုပြပွဲတွင် ယခင်ပြပွဲများနှင့်မတူသည့်အချက်မှာ အရွယ်အစားကြီးမားသော ပုလဲများကို တင်ပြသွားမည်ဖြစ်ပြီး ပုလဲအားလုံးမှာ နိုင်ငံတော်ပိုင် ပုလဲများဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက်အတွဲများ စုစုပေါင်းတန်ဖိုး အများဆုံးဝယ်ယူခဲ့သည့် ရတနာကုန်သည်နှင့် ပုလဲအတွဲများ စုစုပေါင်းတန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် အရွယ်အစားကြီးမားသော တောင်ပင်လယ်ပုလဲများကို တွေ့ရစဉ်။

ပိုမိုရောင်းချ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုးက "မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေနဲ့ ပြပွဲကော်မတီတွေဖွဲ့စည်းပြီး ဆပ်ကော်မတီ အသီးသီးအလိုက် တာဝန်ခွဲဝေ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မဏိရတနာကျောက်စိမ်းခန်းမမှာ ဖွင့်ပွဲနေ့နဲ့ နောက်နေ့မှာ အသင်းကကြီးမှူးပြီး Jewellery Show ပြသဖို့ စီစဉ်ထားပါတယ်။ ကျောက်စိမ်းအတွဲတွေ စစ်ဆေးလက်ခံရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ကျောက်ခင်းကျင်းခြင်း၊ ကျောက်ချိန်တွယ်ခြင်းလုပ်ငန်းတွေကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေ ကျင်းပပေးတဲ့အတွက် ကျောက်မျက်နဲ့ ကျောက်စိမ်းတွေ ပိုမိုရောင်းချရတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဟာ အသင်းဝင်အင်အား ၃၃၀၀ ကျော်ရှိပါတယ်။ ပြပွဲကာလအတွင်းမှာ ဗဟိုအလုပ်အမှုဆောင်နဲ့ အလုပ်အမှုဆောင်တွေ အလှည့်ကျတာဝန်ယူပြီး ပါဝင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် ရတနာပြပွဲဖြစ်၍ ပြည်ပရတနာကုန်သည်များ နေထိုင်၊ သွားလာ၊ စားသောက်ရေး အပါအဝင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီပေါင်း ၅၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀မှ နိုင်ငံခြားသားရတနာကုန်သည် ၄၀၀၀ နှင့် ပြည်တွင်းရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ကြမည်ဟုသိရသည်။

ကြိုတင်စီစဉ်ထား

ပြပွဲကာလအတွင်း ပြည်ပရတနာကုန်သည်များ သွားလာမှုလွယ်ကူအဆင်ပြေစေရန် စီစဉ်ထားရာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီ အငှားယာဉ်များဖြစ်သည့် ဆလွန်းကားနှင့် ဗင်ကားမျိုးစုံ အစီးရေ ၁၅၀ကို ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်ကြမည့် ရတနာကုန်သည်များအတွက် စင်းလုံးငှားလေယာဉ် ၁၆ စင်း စီစဉ်ထားကြောင်း သိရသည်။ နေထိုင်ရေး အဆင်ပြေစေရန်အတွက် နေပြည်တော်ရှိ ဟိုတယ်ပေါင်း ၂၄ ခုတွင် အခန်းပေါင်း ၁၆၀၀ ခန့်ကို ကြိုတင်စီစဉ်ထားပြီးဖြစ်သည်။ စားသောက်ရေးအဆင်ပြေစေရန် အတွက်လည်း ဟိုတယ်၊ မိုတယ်စားသောက်ခန်းမနှင့် စားသောက်ဆိုင်များ၌ ပြည်ပရတနာကုန်သည်များ အကြိုက်တွေ့စေမည့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ရရှိနိုင်အောင် စီစဉ်ပေးထားသည်။

လေယာဉ်လက်မှတ်

ရတနာပြပွဲသို့ လာရောက်သည့် နိုင်ငံခြားသား ရတနာကုန်သည်များ ရန်ကုန်နှင့် ပြည်ပသို့အပြန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ် အဆင်ပြေစေရန် မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းများမှ လေယာဉ်လက်မှတ် ရောင်းချသည့် အဖွဲ့များ ထားရှိပေးသွားမည်ဖြစ်သည်။ ဆောင်ရွက်ပေးနိုင်ရန် မဏိရတနာကျောက်စိမ်းခန်းမတွင် အထူးကုဆရာဝန် တစ်ဦးနှင့် သူနာပြုနှစ်ဦး ဦးစီးသော (လူနာတင်ယာဉ် တစ်စီး အပါအဝင်) ဆေးအကာအကွယ်ပေးရေး ယာယီဆေးခန်း တစ်ခန်း ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ရတနာကုန်သည်များနှင့် ပြောဆိုဆက်ဆံရာတွင် လွယ်ကူမှုရှိစေရေးအတွက် တရုတ်ဘာသာစကား ကျွမ်းကျင်သူနှစ်ဦးကို တာဝန်ချထားပေးသွားမည်ဖြစ်ပြီး ရတနာပြပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် ရတနာကုန်သည်များကို ရှင်းလင်း ပြန်ကြားပေးနိုင်ရန်အတွက် Information Counter ကိုလည်း စီစဉ်ထားရှိပေးမည် ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ၏ မြန်မာ့ ကျောက်မျက်ရတနာဈေးကွက် မြန်မာနိုင်ငံတွင်သာ ဖြစ်ထွန်းရမည်ဟူသော လမ်းညွှန်ချက်အရ ကျောက်မျက်ရတနာပြပွဲကို တီထွင်ကြံဆ၍ ခင်းကျင်းပြသခဲ့ရာ တစ်ပွဲထက် တစ်ပွဲ အောင်မြင်မှုများ ရရှိလျက်ရှိသည်။ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ရာ မျှော်မှန်းသည်ထက် အောင်မြင်မှုရရှိခဲ့ပြီး ကျောက်စိမ်းအတွဲများဝယ်ယူမှု စံချိန်တင်ခဲ့သည်။

ပိုမိုစည်ကားသိုက်မြိုက်

ပြည်ပရတနာ ကုန်သည်များအနေဖြင့် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာများကို စံချိန်တင်ဝယ်ယူခဲ့ကြသည့်နည်းတူ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။ မကြာမီ ကျင်းပတော့မည့် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်လည်း ပြည်ပရတနာကုန်သည်များ စိတ်အားထက်သန်စွာ လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပသည့် ရတနာပြပွဲကြီး ဖြစ်သည်နှင့်အညီ



(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် အရည်အသွေးကောင်း ကျောက်စိမ်းအရိုင်းတုံးကို တွေ့ရစဉ်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်မည့် ရတနာကုန်သည်များအတွက် လိုအပ်မည့် ကျန်းမာရေးဆိုင်ရာ ကူညီမှုများပေးနိုင်ရန်နှင့် ဆေးအကာအကွယ်များ စီစဉ် နေပြည်တော်၌ ပထမအကြိမ် ကျင်းပခဲ့သည့် ရတနာပြပွဲထက် ပိုမို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ထားပါကြောင်း တင်ပြ လိုက်ရပါသည်။ ။



မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကြို့ပင်ကောက်သစ်ဆိပ် (ဇီကုန်းသစ်ထုတ်လုပ်ရေးဒေသ)၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို မတ် ၁ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လက်ထောက်မန်နေဂျာ ဦးဘုန်းကျော်မြင့်နှင့် ဝန်ထမ်းများ လေ့ကျင့်ဆောင်ရွက်ကြစဉ်။ (၁၁၁)

ယင်းမာပင်မြို့နယ်၌ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြ လေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မြို့မဈေးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ခိုင်မာထွန်း၊ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဇေမိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇမိရတနာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဂါလန် ၆၀၀ဆံ့ သံရေကန်နှင့် ရေစင်တည်ဆောက်ခြင်း၊ ဂါလန် ၁၈၀၀ဆံ့ မီးသတ်အုတ်ရေကန် တည်ဆောက်ပြီးစီးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင် ရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းမင်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုဦးနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၁၆)

သာစည်မြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့မဈေးကြီးအတွင်း ကျင်းပရာ မြို့မဈေး မီးဘေးလုံခြုံရေးအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိ ဦးမောင်တိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၉၄)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကွန်ပျူတာနည်းပညာပြပွဲ တက်ရောက်

နေပြည်တော် မတ် ၃

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာနည်းပညာပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့်မြို့တော်ဝန်တို့က ပြပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြပွဲအတွင်း ခင်းကျင်းပြသ ထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဗဟိုမဏ္ဍပ်၌ ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

လောင်းလှူ

ရှေးဦးစွာ တိုင်းမှူးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးနံ့သာတို့ကို ကပ်လှူ ပူဇော်ပြီး တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ရွှေကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ အလှူရှင်များနှင့်အတူ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ချောလမ်းနှင့် တံတားဖွင့်ပွဲ

ပင်းတယ၌ ကျင်းပ

ပင်းတယ မတ် ၃

ပင်းတယမြို့နယ်၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေရှိ အော်ယော လေးကျောက်ချောလမ်းနှင့် တံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉ နာရီခွဲက အဆိုပါ လမ်းထိပ်၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ခံ အင်ဂျင်နီယာကလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ယင်းနောက်လမ်းနှင့် တံတား သစ်ကို အုပ်ချုပ်ရေးမှူးဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ၊ ဒေသခံပြည်သူများ၏ ထည့်ဝင် လှူဒါန်းငွေတို့ဖြင့်တည်ဆောက်ဖောက် လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၇)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ဝင်းရှိ သန္တိသုခမ္မောရုံကြီး၌ ကျင်းပရာတက္ကသိုလ်ဝင်တန်းငါးဘာသာဂုဏ်ထူးရှင် မောင်နန္ဒသီဟအား အသင်းနာယက ဦးစိုးသိန်းက ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (၀၀၇)

မိဘများဖြစ်ကြသောဦးဝင်း- ဒေါ်သိန်းမယ်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ်(၁၁)ရပ်ကွက် ၂လမ်း အမှတ် ၇၀ နေ ဒေါ်ညွန့်ရီမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာမိဘဂုဏ်ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (၁၀၅)

သီးနှံစိုက်ကွက်ပြပွဲကျင်းပ

တောင်ငူ မတ် ၃

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၈၆)ရှိ တောင်သူ ဦးသန်းမြင့်၏ လယ်မြေဧက ၁၅၀တွင် သီးနှံစိုက်ကွက်ပြပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ပြပွဲတွင် ရေဆင်း(၂) မတ်ပဲ ကျေးရွာမျိုးစေ့ဘဏ် မျိုးသန့်စိုက်ကွက်၊ မတ်ပဲနှင့် နေကြာသီးညှပ်စိုက်ကွက်၊ မိုးစပါး၊ မတ်ပဲ၊ နွေစပါး သုံးသီး စိုက်ကွက်၊ နွေစပါးမျိုးသန့်စိုက်ကွက်နှင့် မျိုးသစ်များစိုက်ကွက်၊ R.T.O.P စမ်းသပ်စိုက်ကွက်တို့ကို ပြကွက်ငါးခုဖြင့် ပြသပြီး ပြကွက်တစ်ခုချင်းနှင့် စပ်လျဉ်း၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးတင်ဦးကြိုင်နှင့် စိုက်ပျိုးရေး ဝန်ထမ်းများက ရှင်းလင်းဆွေးနွေးကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဆပ်ကျာကျေးရွာ ရေကန်တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးသိန်းအောင် ကွင်းဆင်းကြီးကြပ်ရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းထွန်းလင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

WISE International School for Executives (ABE Accredited College) က ကြီးမှူး၍ Certificate in Operation Management အမည်ရှိ လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချနည်းစနစ် (Operation Management)ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို မတ် ၅ ရက်မှစ၍ စနေနေ့နှင့်တနင်္ဂနွေနေ့ ညနေ ၅ နာရီခွဲမှ ည၇နာရီခွဲအထိ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လက်တွေ့လုပ်ငန်းခွင်နှင့် သင်ကြားမှုအတွေ့အကြုံရှိ ဆရာဦးသိန်းဌေး (စာရေးဆရာသိန်းဌေးမောင်)က သင်ကြားဆွေးနွေးမည်ဖြစ်သည်။

သင်တန်းတွင် Operations and Process, Decisions in OM, Operations Strategy, Product Planning & Design, Process Planning & Design, OM Techniques, Managing Quality, Managing Performance တို့ကို သင်ကြားမည်ဖြစ်သည်။

သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ကာ စိတ်ပါဝင်စားသူများသည် WISE International School for Executives (ABE Accredited College) အခန်းအမှတ်(၁၀၀၉) ၁၀ ထပ် ယုဇနတာဝါ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

Member Program အသင်းဝင်(Member)များအား အထူးအစီအစဉ်ဖြင့်သတ်မှတ်ထားသော ခံစားခွင့်အပြင် သင်တန်းကြေး ၄၀ ရာခိုင်နှုန်းကို ထပ်မံလျှော့၍ ခံစားခွင့်ပေးမည်ဖြစ်သည်။ Member Program တွင် အသင်းဝင်လိုသူများသည် WISE International School for Executives, Member Department သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး Company များ၊ Department Store များအတွက် Co- operate Intensive Training များ အထူးသင်ကြားပေးလျက်ရှိသော သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် အများသုံးသောက်ရေကန်မှ ရေပေးဝေနေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်ဂျင်နီယာဒီပလိုမာ တန်းခွဲသစ်များ ဖွင့်မည်

ရန်ကုန် မတ် ၃

GLORY အင်ဂျင်နီယာအတတ်ပညာသင်တန်းကျောင်းမှ Engineering Diploma နှင့် Advanced Diploma တန်းခွဲသစ်များကို မတ် ၁၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရုံးချိန်တွင်း တန်းခွဲအပြင် ရုံးချိန်လွတ် တန်းခွဲပါစီစဉ်ထားသည်။

GLORY သည် City & Guilds (UK) ၏ Approved Training Centre တစ်ခုဖြစ်ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင်သုံးဦးအား မွေးထုတ်ပေးနိုင်ခဲ့သဖြင့် High Standard of Teaching and Training School အဖြစ် အသိအမှတ်ပြုခံထားရသည်။ GLORY မှ ဖွင့်လှစ်သော အင်ဂျင်နီယာဒီပလိုမာ တန်းခွဲများသည် သင်တန်းကာလ ခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်သည်။ UK မှ စစ်ဆေးသောစာမေးပွဲကို အောင်မြင်ပါက NQF Level (2) မှ (5) အတွင်း အဆင့်ရှိ ဒီပလိုမာလက်မှတ်ကို City & Guilds (UK) မှ ချီးမြှင့်မည်ဖြစ်သည်။

Level (3) သင်တန်းများကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး Level (5) သင်တန်းများကို ပြည်တွင်း ပြည်ပမှ အင်ဂျင်နီယာဒီပလိုမာ တစ်ခုခုရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်သည်။ ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များမှာ နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းပေါများသော ဘာသာရပ်များဖြစ်သည့် Electronic, Electrical, Mechatronic, Mechanical, Mechanical and Electrical, Construction (Civil), Refrigeration and Airconditioning, Electrical, Installation တို့ဖြစ်သည်။ Engineering အခြေခံမရှိသူများအတွက် Foundation Course ကို အခမဲ့သင်ကြားပေးပြီး အဆိုပါသင်တန်းတွင် Basic Hand Drawing , Technical English, Safety ဘာသာရပ်များပါဝင်သည်။ ထို့အပြင် အင်ဂျင်နီယာဒီပလိုမာ သင်တန်းသားတိုင်းကို English Proficiency Course နှင့် မိမိတက်သော ဘာသာရပ်နှင့် သက်ဆိုင်သည့် လက်တွေ့သင်တန်း နှစ်မျိုးတို့ကို အခမဲ့သင်ကြားပေးမည်ဖြစ်သည်။

မတ် ၁၈ ရက်မတိုင်မီ သင်တန်းအပ်နှံပါက အထူး Discount ဖြင့် လက်ခံပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ၁၂၅(ဘီ) ပထမထပ် ၃၈လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၄၃၁ နှင့် ၀၉-၇၃၁၂၁၇၁၇၊ Website: www.glory-education.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်တွေမြို့ ရေနက်ဆိပ်ကမ်းတည်ဆောက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးသိန်းသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများအားတွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားပြီး ကိုယ်ကျင့်ကောင်းမွန်စွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ အခမ်းအနားတက်ရောက် လာကြသည့် ကြီးကြပ်ရေးမှူးများအား ချီးမြှင့်ငွေများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်တွေမြို့ ကမ်းနားလမ်းရှိ ကုလားတန်မြစ်ကြောင်းအတွင်း တည်ဆောက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်း၌ ကျောက်တုံးများဆည်ဖို့နေမှုနှင့် ရေလှိုင်းကာများတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ စစ်တွေမြို့ မြို့ပတ်လမ်းနှင့် လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ အဝေးပြေးလမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှုတို့ကို လည်းကောင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းတစ်လျှောက် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် စံမတီးချောင်း တံတားဆောက်လုပ်နေမှုကိုလည်းကောင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင် ကားလမ်းတစ်လျှောက် မြေသားလမ်းခင်းကျင်း ပြီးစီးနေမှုနှင့် ကျောက်များစုပုံထားရှိမှုတို့ကို လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် လက်ဝဲစာတိုင်ကျေးရွာ၌ အခြေခံ ပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက် အနော်ရထာလမ်း ကတ္တရာ ရေပိတ် လွှာခင်းခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌဦးမြင့်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော် စွာလင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်တင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၂၅ ၇။ ဇာတ်လမ်းတို
- ၄:၃၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၅ ၉။ အိုင်စီသုတ
- ၄:၅၅ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၂၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ မိုးမြင့်ထက်ကရွှေလင်းယုန် (အပိုင်း-၂)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၅။ **ရွှေ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၆။ စောင့်မျှော်ရစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၄)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဦးတည်ချက် (၁၂)ရပ်
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ စိုက်ပျိုးသုတ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၁၀)
- ၂၈။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

သာကေတမြို့နယ် အမှတ်(၃၇) အခြေခံပညာ မူလတန်းကျောင်း သောက်ရေသန့်စက်အတွက် ဖေဖော်ဝါရီ ၂၀ ရက်တွင် အလှူရှင်ဦးမျိုးဆွေ-ဒေါ်စန်းစန်းဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး လက်ခံယူစဉ်။ (ပညာရေး)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ညောင်ဦး၌ ကွင်းဆင်းဆောင်ရွက်

ညောင်ဦး မတ် ၃

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ကို ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအုပ်စု အနောက်ပုလင်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ ရက်က တိုက်နယ်တာဝန်ခံ ဦးမြင့်သိန်းနှင့် ကျေးရွာအုပ်စု တာဝန်ခံ ဦးဇော်မင်းထွန်းတို့ လက်တွေ့ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိရာ အဆိုပါစာရင်းကောက်ယူနေမှုကို အထက်မြန်မာပြည် ကြေးတိုင်ဌာနမှ လက် ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့် ထွန်းနှင့်အဖွဲ့ လိုက်ပါလျက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ထို့နောက် ညောင်ဦးခရိုင် မြေစာရင်းဦးစီးဌာနမှူးဦးဝင်းမြင့်ထွန်းက စာရင်း ကောက်ယူမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အထက် မြန်မာပြည်ကြေးတိုင်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဝင်းက လိုအပ် သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာပေဟောပြောပွဲကျင်းပ

ပိန်းဇလုပ် မတ် ၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအမှတ် (၉၁)သစ်စက် ဖဒိုမြို့ စာပေနှင့် ယဉ် ကျေးမှုကော်မတီက ကြီးမှူးကျင်းပ သော နဝမအကြိမ်မြောက် စာပေဟော ပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီက အဆိုပါ သစ်စက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဖဒိုကျေးရွာ အုပ်စု ဥက္ကဋ္ဌ ဦးအောင်စန်းလင်းနှင့် အမှတ်(၉၁)သစ်စက်စက်ရုံမှူးဦးနိုင်လင်း အောင်တို့က အမှာစကား ပြောကြားပြီး စက်ရုံမှူးဦးနိုင်လင်းအောင်က မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) သို့ အလှူငွေကျပ်ငါးသောင်း ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ စာရေး ဆရာလယ်တွင်းသားစောချစ်က လက်ခံ ယူ၍ စာရေးဆရာ လယ်တွင်းသား စောချစ်၊ နွမ်ဂျာသိုင်း၊ သန်လျင် မောင်မောင်ဦးတို့က သိကောင်းစရာ များ ဟောပြောကြသည်။ (၁၂၅)

စဉ့်ကူးမြို့နယ် မြို့ပတ်လမ်း အပိုင်း(၃) ကတ္တရာလမ်းခင်းခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **လူ့စွမ်းအား** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၉)
- ၈:၃၅ စက္ကူဒါနကုသိုလ်ယူ မင်းတပ်မြို့မှအလှူ
- ၈:၅၅ မမေ့မလျော့သော တမ်းတမှုတို့ဖြင့် ဦးညွှတ်ခြင်း
- ၉:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉:၂၅ Movie Talk (ဦးကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၂)
- ၉:၅၀ Artist Ko Thein (Movies Star Colourful 1st Solo Show)
- ၁၀:၀၅ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားများ
- ၁၀:၂၅ ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
- ၁၀:၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၁:၂၅ (၁၁)ကြိမ်မြောက် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာ မိသားစု အာစရိယပူဇော်ပွဲ
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာ
- ၁၂:၄၀ နေပြည်တော်မြို့ရဲ့ အထင်ကရနေရာ များဆီသို့ အလည်တစ်ခေါက်
- ၁:၀၀ **လူ့စွမ်းအား** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၉)
- ၄:၄၅ ဓာတ်တော်ရှင်ကျိုက်ထီးရိုးစေတီတော် (ရှမ်းပြည်နယ်မြောက်ပိုင်း)
- ၅:၀၀ Activities in the City [သဇင်၏ **ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ** စီးရီးမိတ်ဆက်အခမ်းအနား]
- ၅:၂၀ ဝန်ဆောင်မှုမြင့်မား ကမ္ဘာ့ လေကြောင်းလိုင်းများ Bangkok Airway
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Emerald Spa & Beauty Saloon)
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၃)
- ၇:၂၀ The Champion of Dance
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း (ဘုဏ်လင်းအောင်ရဲ့ **အသင့်ရှိသူ** စီးရီး)
- ၈:၅၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၀)
- ၁၀:၁၀ VJ Choice
- ၁၀:၃၅ ယုံကြည်ခိုင်မာသော··· အောင်မြင်မှုပန်းတိုင်ဆီသို့
- ၁၀:၅၅ Science For All (ကားဝယ်စီးလျှင်တာယာ အကြောင်းသိထားသင့်သည်) သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ World of Knowledge (Flight of the Elephant)
- ၁၂:၃၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
- ၁၂:၄၀ Celebrity Profile (Justin Timberlake)
- ၁:၁၀ ပရအကျိုးတို့သယ်ပိုးစို့
- ၁:၃၀ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင်) မင်္ဂလာဆောင်လက်ကိုင်ပန်း ပြုလုပ်နည်း
- ၁:၅၅ **အားကိုးအားထား** ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၂:၁၀ ရွှေမင်းသား Foundation (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၂:၃၅ Say it in English
- ၂:၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညို ဖွယ်မြော်ကျိုက်တလန်းစေတီတော်
- ၄:၃၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
- ၄:၄၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

' တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသူများအတွက် '

- SUMMER SPECIAL -

Pre - University Foundation Program

MCC Training Institute တွင် တက်ရောက် သင်ကြားနိုင်သော နိုင်ငံတကာ တက္ကသိုလ်များမှ ချီးမြှင့်မည့် ကွန်ပျူတာ သိပ္ပံဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ စီးပွားရေး စီမံခန့်ခွဲမှု ပညာဘွဲ့ များကို တက်ရောက်နိုင်ရန် အတွက် အခြေခံကောင်း များရရှိစေရန် တက္ကသိုလ်ဝင် အကြို သင်တန်းများ ဖွင့်လှစ်လိုက်ပါပြီ။

MCC TRAINING INSTITUTE

ကြိုတင်စာရင်းသွင်းတက်ရောက်နိုင်ပါပြီ

(Yangon Campus)
01-245762, 01-249152
01-395512, 01-246634
(Mandalay Campus)
02-77930, 09-91034062

Opening Date:
28-Mar-2011

ဝက်လက်အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့မအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် ပူဇော်ကန်တော့ပွဲနှင့်ပြန်လည်ဆုံတွေ့ပွဲကို ၂၀၁၁ ခုနှစ် မတ် ၂၇ရက် နံနက် ၉း၀၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက်တက်ရောက်နိုင်ရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးကျော်ဇော(ရန်ကုန်) ဖုန်း-၀၉-၅၁၂၈၂၃၇၊ ဦးဇော်ဌေး (မန္တလေး) ဖုန်း-၀၂-၇၀၇၄၁၊ ၀၉-၂၀၁၃၁၆၂၊ မုံရွာမြို့နေ ဦးမျိုးမင်း(ငွေဇင်ယော်ငါးပိငံပြာရည်လုပ်ငန်း) ဖုန်း-၀၉-၆၄၅၁၆၃၈၊ ဦးမောင်မောင် ဖုန်း-၀၉-၄၇၀၅၂၆၇၅၊ ဝက်လက်မြို့နေ ဒေါက်တာသန့်လွင် ဖုန်း-၀၇၅-၃၀၀၉၆၊ ဒေါက်တာမျိုးကျော်ထွန်း ဖုန်း-၀၇၅-၃၀၃၁၁၊ ကိုလှိုင်မိုး(မြင့်မိုရ်) ဖုန်း-၀၇၅-၃၀၃၈၂၊ မောင်မောင်သန်း(ကင်းမွေစတိုး) ဖုန်း-၀၇၅-၃၀၂၈၂၊ ဒေါ်မြင့်ရီ(အထက) ဖုန်း-၀၇၅-၃၀၀၆၇၊ ဒေါ်ခင်စောမြင့် (ကျော်ဇောလျှံ) ဖုန်း-၀၇၅-၃၀၄၁၁၊ ဦးကျော်ကျော်စိုး(ဗန္ဓုလဆေးတိုက်) ဖုန်း-၀၇၅-၃၀၀၈၈၊ မောင်မောင်ဝင်း(ဇဝနမိသားစု) ဖုန်း-၀၇၅-၃၀၀၀၅၊ ဦးစောလှမော်(မြတ်မဟော်)ဖုန်း-၀၇၅-၃၀၀၁၇၊ ဦးဇော်တင့်(လမင်းဆီစက်) ဖုန်း-၀၇၅-၃၀၁၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၁၇၁၂ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးရှီဆန်းချန် ၁၃/တကန(နိုင်) ၁၂၈၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၁၆၉၉ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးရှီဆန်းချန် ၁၃/တကန(နိုင်)၁၂၈၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဒီ အတွင်းရှိ (၁) မြေကွက်အမှတ် ၄၇၂ စီ/၉အက်ဖ်၊ ဧရိယာ ၀ ဒသမ ၁၂၇ ဧက၊ (၂) မြေကွက်အမှတ် ၄၇၂စီ/၉ဧက၊ ဧရိယာ ၀ ဒသမ ၁၂၉ ဧက၊ (၃)မြေကွက်အမှတ် ၄၇၂စီ/၉ဂျီ၊ ဧရိယာ ၀ ဒသမ ၁၂၆ ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက် သုံးကွက်ကို ရန်ကုန်မြို့မြေစာရင်းမှတ်တမ်းတွင် (၁)ဒေါ်အုံကင်အင်း(ခ) ဒေါ်ခင်အေးလွင် ၁၂/လသန(နိုင်)၀၁၇၂၈၁၊ (၂)ဦးမြင့်ဇော် ၁၂/လသန(နိုင်)၀၁၇၂၅၀ တို့ နှစ်ဦးအမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြပါသည်။

အထက်အပိုဒ်ပါမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်များနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်၍ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဇော်မင်းစိန်
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၉၀၃)
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ရုံးဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၀၈၉၉ Kenbo Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပီတာကျော်မင်း ၁၂/အစန(နိုင်)၁၀၂၇၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၉၇၃၆ Kenbo Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၇/ရတန(နိုင်) ၀၅၇၆၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ပြည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၁၅၃၉ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးရှီဆန်းချန် ၁၃/တကန(နိုင်) ၁၂၈၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊မြစ်ကြီးနား။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၄၂၀၉၇ (Fekon)ယာဉ်လက်ဝယ်ရှိသူ ဦးသီဟဇော် ၅/ရဥန(နိုင်)၀၀၀၂၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၁၃၃၁ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးရှီဆန်းချန် ၁၃/တကန(နိုင်)၁၂၈၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

ကန့်ကွက်နိုင်ပါကြောင်း

သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ သဇင်လမ်းရှိ အကွက်အမှတ် ၂၄၊ ရှမ်းစုမြောက်အကွက်၊ ဦးပိုင်အမှတ်(၁၆/၁၇)၊ မြေချိန်ဧရိယာ ၀ဒသမ၈၆၀ဧက အနက်မှ ၀ဒသမ၆၂ဧကကို ဥပဒေနှင့်အညီတရားဝင်ခွဲဝေရရှိပြီး လက်ရှိပိုင်ဆိုင်ထားသူများဖြစ်သည့် ဒေါ်ရင်ကြည် ၁၂/သဃက(နိုင်)၀၆၂၉၃၄၊ ဒေါ်ခင်တင့် ၁၀/ကထန(နိုင်)၀၂၇၈၇၇၊ ဒေါ်မာမာဌေး ၁၂/တတန(နိုင်)၀၆၄၃၂၃၊ ဒေါ်ခင်ရီ ၇/ဝမန(နိုင်)၀၂၉၃၄၆၊ ဦးသိန်း ၁၂/သကတ(နိုင်)၀၂၄၀၉၁၊ ဒေါ်ဇေယျ ၁၂/မဘန (သီ)၀၀၀၃၅၊ ဒေါ်စိုးစိုးမြင့် ၁၂/ဘဟန(နိုင်)၀၂၇၈၇၇တို့၏ တရားဝင်ကိုယ်စားလှယ်စာရသူ ဒေါ်စန်းစန်းညွန့် ၇/ဝမန(နိုင်)၀၂၉၃၆၅ထံမှ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အေး(ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၁၂၅)
အမှတ် ၅၆၊ သီတာလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၃၄၆၈ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်သီ ၁/မကတ(နိုင်)၀၈၅၄၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၃၁၄၈၁ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးရှီဆန်းချန် ၁၃/တကန(နိုင်) ၁၂၈၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနား။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ သမိန်ဗရမ်း၉လမ်း၊ အိမ်အမှတ် ၉နေ ဦးတင်ညွန့် ၁၀/မဒန(နိုင်)၀၈၅၁၂၇- ဒေါ်လှဝင်းတို့၏ တစ်ဦးတည်းသောသား မောင်ဘိုဘိုသော် ၁၀/မဒန(နိုင်) ၁၆၆၄၅၀ သည် မိဘများ၏ ဆိုဆုံးမမှုများကို လုံးဝလိုက်နာခြင်းမရှိဘဲ မိဘဆွေမျိုးသားချင်းများ စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာကျဆင်းအောင် မိမိဆန္ဒအလျောက် ပြုလုပ်သွားခဲ့သဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေး မည်မဟုတ်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
မိဘ-ဦးတင်ညွန့်-ဒေါ်လှဝင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ လှုနေရပ်ကွက်(သမိုင်း)၊မြေတိုင်းရပ်ကွက် အမှတ် ၂၂၊ မြေကွက်အမှတ် ၂/အ-၁၇ ဧရိယာ ၀ ဒသမ ၁၂၇ ဧကရှိ B-မြေပိုင်မြေ (အိမ်ရာမြေ)နှင့် ယင်းမြေပေါ်ရှိ အမှတ် ၂၊ သာယာရေးရိပ်သာလမ်း၊ သမိုင်းဟုခေါ်တွင်သည့် မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသော ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)နှင့် ဒေါ်ခင်အေးကြူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ခွင့် အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
ဦးထင်ကျော် B.Sc., H.G.P.,R.L
တရားရုံးချုပ်ရှေ့နေ(၅၃၁၅)
အမှတ် ၁၃၈၊ ပထမထပ်၊ ၃၂ အလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း(ရုံး)၂၄၃၅၆၈။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၆၀၅၈၂ Yan Bo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းမြင့် ၉/အမရ (နိုင်)၀၄၉၆၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေး။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေများ လှူဒါန်း

မော်လမြိုင် မတ် ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲများကို ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့(ရုံးခန်း)၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

အလှူငွေများ ပေးအပ်ပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း၊အတွင်းရေးမှူး ဦးဟန်လွင်တို့က လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် လှူဒါန်းလိုသူများသည် ဦးစန်းမြင့် ဥက္ကဋ္ဌ ဖုန်း-၀၅၇-၂၄၁၉၃၊ ၀၉-၈၇၀၀၇၇၆၊ ဦးဟန်လွင် အတွင်းရေးမှူး ဖုန်း-၀၅၇-၂၁၃၃၄၊ ၀၉-၄၉၈၀၁၀၅၇နှင့် ဦးခင်မောင်ဝင်း ဘဏ္ဍာရေးမှူး ဖုန်း-၀၅၇-၂၃၀၀၄၊ ၀၉-၅၃၂၂၃၀၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၀၇)

ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် ဦးကျော်မင်းအောင်-ဒေါ်ယဉ်ယဉ်မြတ် မိသားစုက အလှူငွေကျပ် ၁၃သိန်း ပေးအပ်လှူဒါန်းစဉ်။

တောင်တွင်းကြီးမြို့နယ်၌ ဝမ်းပျက်၊ဝမ်းလျှောရောဂါ မဖြစ်ပွားနိုင်ရေးအတွက် အညစ်အကြေးစွန့်ပစ်သည့် အမှိုက်ကန်တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် မြို့နယ်ဆရာဝန်ကြီး ဦးအောင်ထွန်းတင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



AEC College က ပညာရေးဆွေးနွေးပွဲ ပြုလုပ်မည်

ရန်ကုန် မတ် ၃

စင်ကာပူနိုင်ငံရှိ AEC College က ၂၀၁၁ခုနှစ် ကျောင်းဖွင့်ချိန်အတွက် ပညာရေးဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်း ဓနလှိုင်တာဝါ အခန်းအမှတ် ၆၀၁ ခြောက်လွှာရှိ Oversea Education Service Center- OESC Seminar Room ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် AEC College မှ တာဝန်ယူသူများ ကိုယ်တိုင် AEC College ၌ တက်ရောက်သင်ကြားနိုင်သော ACCA, Diploma in Interactive Media, Foundation Diploma in English , GCE O Level , Business, Retail Management MBA (University of Wales) စသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောမည်ဖြစ်သည်။

သိရ

AEC College ၌ ၂၀၁၁ ခုနှစ်အတွင်း အနီးဆုံးတက်ရောက်နိုင်သော ကျောင်းဝင်ခွင့်များနှင့် ဘာသာရပ်များ၊ ရနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျောင်းဝင်ခွင့်သတ်မှတ်ချက်များ၊ AEC College ၌ တက်ရောက်နေသော မြန်မာကျောင်းသားကျောင်းသူများအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲနေ့တွင် ပထမဆုံးကျောင်းအပ်သူ ငါးဦးအား အထူး Discount များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် Oversea Education Service Center ဖုန်း-၅၁၉၀၉၂၊ ၇၃၀-၉၄၀၆၀ နှင့် ၀၉-၅၀၈၆၈၁၉ တို့သို့ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီး
အစဉ်သတိပြု

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

အဖွဲ့ဝင် (၁၅) ဦးပါ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့်ကိစ္စအတွက် သုံးစွဲခြင်း ရှိ မရှိ စိစစ်ရမည်

နေပြည်တော် မတ် ၃

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦး ရှိသည့်အနက် (၂၂၃) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၄၇ တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို (၁၅) ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ◆

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)